ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဖရူဆိုမြို့နယ်

# လူထုဗဟိုပြုစီမံကိန်း

National Community Driven Development Project
(NCDDP)



## ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

Village Development Plan (VDP)

မြို့မအုပ်စု၊ ထီးသော်တနီးကူး ကျေးရွာ

၂၀၁၇ခုနှစ်၊ဖရူဆိုမြို့နယ်

# မာတိကာ


၁။ဖရူဆိုမြို့နယ်အခြေပြမြေပုံ ........................................................................................ 2

၂။မြို့မ ကျေးရွာအုပ်စုအခြေပြမြေပုံ ................................................................................ 3

၄။ထီးသော်တနီးကူး ကျေးရွာအခြေခံအချက်အလက်များ ......................... **Error! Bookmark not defined.**

၅။လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ်အကျဉ်းချုပ်ဇယား ...................... 5

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ ....... 7

(၁) လူမှုရေးပြမြေပုံနှင့်အရင်းအမြစ်ပြမြေပုံ .......................................................................... 7

(၂) ရာသီခွင်ပြပြက္ခဒိန် ....................................................................................................... 9

(၃) ဥစ္စာဓနကြွယ်ဝမှုအဆင့်သတ်မှတ်ခြင်း ............................................................................... 12

(၄) ကျား၊မပင့်ကူအိမ်သုံးသပ်ခြင်း ........................................................................................... 14

(၅) အရင်းအမြစ်သုံးစွဲထိန်းချုပ်မှုပြဇယား ............................................................................... 16

(၆)အဖွဲ့အစည်းချိတ်ဆက်မှုပြမြေပုံ ........................................................................................ 19

၇။ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ၊ကျေးရွာအစည်းအဝေးနှင့် PRA Tools များအသုံးပြု၍အချက်အလက်ကောက်ခံခြင်း ............................................ 21

ထီးသော်တနီးကူး ကျေးရွာ၏စီမံကိန်းအထောက်အကူပြုကျေးရွာကော်မတီဝင်များစာရင်း ...................... 23


၈။ကျေးရွာအချက်အလက်( ပုံစံ-၁ ) ........................................................................... 24

၉။စီမံချက်စက်ဝန်းအချိန်ဇယား( ပုံစံ -၂) ........................................... **Error! Bookmark not defined.**


၁၀။ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် ( ပုံစံ-၃ ) .................................................................. 31

၁၂။ကဏ္ဍအလိုက်ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ............................................................................30

# ၁။ဖရူဆိုမြို့နယ်အခြေပြမြေပုံ



# မြို့မ ကျေးရွာအုပ်စု အခြေပြမြေပုံ




လူထုဗဟိုပြုစီမံကိန်း

ထီးသော်တနီးကူးကျေးရွာ3

## ၃။ မြို့မ ကျေးရွာအုပ်စုတွင် ပါဝင်သော ကျေးရွာစာရင်းများ

၁. ဆိုလျားကူး ကျေးရွာ
၂. ထီးကလူဒေါ် ကျေးရွာ
၃. ခေါ်သမော ကျေးရွာ
၄. လောခုခူ ကျေးရွာ
၅. လောကျာ ကျေးရွာ
၆. ထီးသော်တနီးကူး ကျေးရွာ

## ၄။ကျေးရွာအခြေခံ အချက်အလက်များ(ထီးသော်တနီးကူးကျေးရွာ)

ထီးသော်တနီးကူးကျေးရွာသည် ဖရူဆိုမြို့၏ အနောက် (၂)မိုင်ခန့် အကွာတွင် တည်ရှိပါသည်။အရှေ့ဘက်တွင် ဖရူဆိုမြို့၊ အရှေ့တောင်ဘက်တွင် လောထောတနောကျေးရွာ၊ တောင်ဘက်တွင် ဒိုးပရယ်ကျေးရွာနှင့် မြောက်ဘက်တွင် ဒေါကူလယ်ကျေးရွာတို့နှင့် နယ်နိမိတ်ချင်း ထိစပ်လျက် ရှိသည်။အိမ်ခြေ (၂၉) အိမ် ရှိပြီး လူဦးရေ (၁၁၈)ဦး ရှိပါသည်။ ကယားလူမျိုး အများစုသာ နေထိုင်ကြပြီး ကက်သလစ် ခရစ်ယာန် ဘာသာကို ကိုးကွယ်ယုံကြည်ကြပြီး ရိုးရာ တံခွန်တိုင်ကိုလည်း အလေးအမြတ်ထားကြပါသည်။ ထီးသော်တနီးကူး ကျေးရွာကို လွန်ခဲ့သော နှစ်ပေါင်း (၅၀)ကျော် က တည်ထောင်ခဲ့ပါသည်။

ထီးသော်တနီးကူး၏ အနက်မှာ (ထီး=ရေ၊ သော်=အပင်၊ တနီး=ပျားအုံ၊ ကူး=အပေါက် )ပျားအုံ အပေါက်ထဲက ရေအပင် ဖြစ်ပါသည်။ ထီးသော်တနီးကူး ကျေးရွာသည် စပါး၊ ပြောင်း၊ မြေပဲ စသည့် သီးနှံများကို တောင်ယာ တွင် အဓိက စိုက်ပျိုး လုပ်ကိုင်ပြီး အသက်မွေး ဝမ်းကြောင်းပြု ကြပါသည်။ ထို့ပြင် ကျေးရွာပတ်လည်တွင် ရှိသော တောတောင်များတွင် သဘာဝ သစ်တောထွက် ပစ္စည်းများဖြစ်သည့် ဝါး၊ ချိတ်နှင့် သစ်ခွများ ရှာဖွေ ရောင်းချကြပါသည်။ကျေးရွာတွင် အခြေခံ အဆောက်အအုံများ ဖြစ်ကြသည့် အခြေခံ ပညာမူလတန်းကျောင်း၊ ကက်သလစ် ခရစ်ယာန် ဘုရားရှိခိုးကျောင်း တို့ တည်ရှိနေပါသည်။

ကျေးရွာတွင်းတွင် လူ့အရင်းအမြစ်ဖြစ်သော ပန်းရံ ၊ လက်သမား စသည့် ကျွမ်းကျင် လုပ်သားများရှိခြင်းကြောင့် မိမိတို့ ပြုလုပ်လိုသော နေအိမ်များ၊ စီမံကိန်းနှင့် ပတ်သက်သည့် အခြေခံ အဆောက်အအုံများတွင် များစွာ အထောက်အကူ ဖြစ်စေပါသည်။ ဝါး ၊ကျောက်၊သဲ၊ သစ်တောနှင့် စိမ့်စမ်းရေ စသည့် သဘာဝ အရင်းအမြစ်များလည်းရှိပါသည်။ ၎င်းအရင်းအမြစ်များသည် မိမိတို့ ကျေးရွာအတွက် အရေးပါသဖြင့် မပျက်စီးစေရန် စောင့်ရှောက်မှုများလည်း ဆောင်ရွက်ကြပါသည်။

## ၅။လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ် အကျဉ်းချုပ်ဇယား

| စဉ် | အသုံးပြုခဲ့သော PRA TOOLS များ |
|---|---|
| ၁ | ကျေးရွာအရင်းမြစ်ပြမြေပုံ (Social Map) |
| ၂ | ရာသီခွင်ပြပြက္ခဒိန် (SensonalClender) |
| ၃ | ဥစ္စာဓနကြွယ်ဝမှုဦးစားပေးအဆင့်သတ်မှတ်ခြင်း (Wealth Ranking) |
| ၄ | ကျားမပင့်ကူအိမ်သုံးသပ်ခြင်း (Cob Web) |
| ၅ | အရင်းအမြစ်အသုံးချမှုဖော်ထုတ်ခြင်းဇယား (Asset Mapping) |
| ၆ | အဖွဲ့အစည်းချိတ်ဆက်မှုမြေပုံ (Veen diagram) |

## ၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

### (၁) လူမှုရေးပြမြေပုံနှင့်အရင်းအမြစ်ပြမြေပုံ



ကျေးရွာ။ ။ထီးသော်တနီးကူး ရက်စွဲ။ ။၁၉.၁၀.၂၀၁၇

အုပ်စု ။ ။မြို့မ ပါဝင်ဆွေးနွေးသူ။ ။က (၁၃)ဦး

မ (၆ ) ဦး

## လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံသုံးသပ်ချက်

ထီးသော်တနီးကူး ကျေးရွာ၏ မြေပုံကို ကြည့်ခြင်းအားဖြင့် ကျေးရွာတွင်းရှိ လူသားနှင့် လူ့အရင်းအမြစ်များ၊ စီးပွားဖြစ်အရင်းအမြစ်များ (စိုက်ပျိုးသီးနှံများ)နှင့် သဘာဝ အရင်းအမြစ်များကို လေ့လာနိုင်မည် ဖြစ်ပါသည်။ ထို့အပြင် ကျေးရွာ၏ လူမျိုးစု၊ ကျေးရွာအနေအထား၊ တည်နေရာနှင့် ထီးသော်တနီးကူး ကျေးရွာ၏ လူမှုရေး ကိစ္စရပ်များကို လေ့လာနိုင်ရန် ရည်ရွယ်ပါသည်။

ထီးသော်တနီးကူး ကျေးရွာ၏ လူမှုရေးနှင့် အရင်းအမြစ်ပြ မြေပုံအရ ကျေးရွာတွင် လူ့အရင်းအမြစ်များ (အဆောက်အဦးများ)၊ သဘာဝ အရင်းအမြစ်များ ဟူ၍ (၂)မျိုး ခွဲခြား တွေ့နိုင်ပါသည်။ ထီးသော်တနီးကူး ကျေးရွာတွင် အဓိက အသုံးပြုနေသော လူ့အရင်းအမြစ်များမှာ အိမ်၊ လမ်း၊ မိုးရေလှောင်ကန်၊ သင်္ချိုင်း၊ဘုရားကျောင်း၊ ရေစုကန်၊ မူကြိုကျောင်း၊ ရေထွက်ပေါက်၊တံခွန်တိုင်၊ စာသင်ကျောင်း တို့ ဖြစ်ပါသည်။ ထီးသော်တနီးကူး ကျေးရွာသို့ ဖရူဆိုမြို့မှ ဆက်သွယ်ထားသော လမ်းမှာ ကျောက်ချောလမ်း ဖြစ်သည်။ မိုးရာသီ၊ ဆောင်းရာသီ နှင့် နွေ ရာသီတို့တွင် သွားလာနိုင်သဖြင့် ရာသီထွက် စိုက်ပျိုးသီးနှံများ၊ သဘာ၊သစ်ဥသစ်ဖုများကို ရောင်းဝယ်ဖောင်းကားခြင်း တို့အတွက် လွယ်ကူ အဆင်ပြေလှပါသည်။

စိမ့်စမ်းရေထွက်ပေါက်မှ သောက်သုံးရေမှာ ယခင်က ခက်ခဲသော်လည်း ယခုအခါ ကျေးလက်ဒေသ ဖွံ့ဖြိုး တိုးတက်ရေး ဦးစီးဌာန နှင့် လူထုဗဟိုပြု စီမံကိန်း တို့၏ နည်းပညာ ပံ့ပိုးမှု တို့ဖြင့် သောက်သုံးရေမှာ အဆင်ပြေ ဖူလုံ လာပါသည်။ ထီးသော်တနီးကူး ကျေးရွာ မူလတန်းကျောင်းမှာ တိုက်ဖြင့် ဆောက်လုပ်ထားပြီး KG တန်းမှ စတုတ္ထတန်းထိ ရှိပြီး ဆရာ/မ ဝန်ထမ်း အင်အားတို့မှာ မျှတမှု ရှိပါသည်။

ထီးသော်တနီးကူး ကျေးရွာရှိ သဘာဝ အရင်းအမြစ်မှာ ကျေးရွာပိုင်သစ်တောများ၊ ဝါးတောများ၊ သဲတောင်၊ စိမ့်စမ်းရေနှင့် တောင်ယာများ ဖြစ်ပါသည်။ ထီးသော်တနီးကူး ကျေးရွာတွင် ရှိသော လူ့အရင်းအမြစ်များ နှင့် သဘာဝ အရင်းအမြစ်များမှာ ကျေးရွာအတွင်းရှိ လူဦးရေ နှင့် လုံလောက်မှု ရှိပါသည်။ သဘာဝ အရင်းအမြစ်များရှိသဖြင့် ကျေးရွာတွင် လိုအပ်သော သစ်၊ ဝါး ၊ ကျောက်များကို အလွယ်တကူ ထုတ်ယူသုံးစွဲခြင်းဖြင့် ကုန်ကျစရိတ် သက်သာစေပါသည်။ ထီးသော်တနီးကူး ကျေးရွာတွင် ကယားလူမျိုးစု တစ်စုတည်းသာ စုပေါင်း နေထိုင်ကြပြီး ကက်သလစ်ခရစ်ယာန် ဘာသာကို ယုံကြည် ကိုးကွယ်ကြပြီး ရိုးရာတံခွန်တိုင်ကိုလည်း အလေးအမြတ်ထားကြသည်။ထီးသော်တနီးကူး ကျေးရွာတွင် အိမ်ထောင်စုမှာ (၂၉)စု ရှိပြီး အခြား ကျေးရွာသို့ ပြောင်းရွှေ့သွားခြင်း မရှိပေ။

ထီးသော်တနီးကူး ကျေးရွာ၏ မြေပုံ သုံးသပ်ချက်အရ-

(၁) သောက်သုံး ရေလုံလောက်ခြင်း။

(၂) ရိုးရာတံခွန်တိုင်ကို အလေးအမြတ် ထားရှိခြင်း။

## (၂) ရာသီခွင်ပြပြက္ခဒိန်



လူထုဖဟိုပြုစီမံကိန်း

ထီးသော်တနီးကူးကျေးရွာ9

ကျေးရွာ။ ။ထီးသော်တနီးကူး ရက်စွဲ။ ။၁၉. ၁၀.၂၀၁၇
အုပ်စု ။ ။မြို့မ ပါဝင်ဆွေးနွေးသူ။ ။ကျား (၁၃) ဦး
မ (၆) ဦး

## ရာသီခွင်ပြပြက္ခဒိန်သုံးသပ်ချက်

ရာသီခွင်ပြ ပြက္ခဒိန် ရေးဆွဲရခြင်း၏ ရည်ရွယ်ချက်မှာ ထီးသော်တနီးကူး ကျေးရွာ၏ တစ်နှစ်ပတ်လုံး အတိုင်းအတာဖြင့် အပြောင်းအလဲများကို မှတ်တမ်း တင်ရန်၊ အိမ်ထောင်စုများ၏ မတူညီသော အခက်အခဲများကို သုံးသပ်ရန်၊ အချိန်အပိုင်းအခြား အလိုက် အခက်အခဲနှင့် အခွင့်အလမ်းများကို သိရှိရန်၊ ရာသီဥတုနှင့် ပွဲတော် အခြေအနေများကို သိရှိလာစေရန် ရည်ရွယ်ပါသည်။
ထီးသော်တနီးကူး ကျေးရွာ၏ ရာသီခွင်ပြ ပြက္ခဒိန် အရ ထီးသော်တနီးကူး ကျေးရွာ၏ အဓိက အသက်မွေး ဝမ်းကြောင်းမှာ တောင်ယာ စိုက်ပျိုးရေး လုပ်ငန်းဖြစ်ပြီး တစ်ရွာလုံး လုပ်ကိုင် ကြပါသည်။ တောင်ယာလုပ်ငန်းကို တစ်နှစ်ပတ်လုံး မလုပ်ကိုင်နိုင်ပါ။ တောင်ယာလုပ်ငန်းသာ လုပ်ကိုင်ခြင်းကြောင့် မျိုးစေ့များကို သူ့ရာသီနှင့်ကိုက်ညီစွာ စိုက်ပျိုး၊ ပေါင်းရှင်း၊ ရိတ်သိမ်းကြပြီးလျှင် နွေရာသီတွင် အလုပ်ပါးသွားပါသည်။ အချို့သော အိမ်ထောင်ဦးစီးများမှာ အခြားဒေသ၊ မြို့များသို့ သွား၍ ဝင်ငွေ ရှာကြသည်။ သက်ကြီးရွယ်အို အမျိုးသမီး အများစုမှာ ရိုးရာ လက်ယက်ကန်းဖြင့် စောင်၊ ရိုးရာအထည်များ၊ ကယားလွယ်အိတ် စသည်တို့ကို တပိုင် တနိုင် လုပ်ကိုင် ကြပါသည်။ ၄င်းရိုးရာ လက်ယက်ကန်းလုပ်ငန်းမှာ နည်းပညာ အားနည်း နေသည့်အတွက် စီးပွားဖြစ် မဖြစ်ထွန်းသေးချေ။

ထီးသော်တနီးကူး ကျေးရွာသည် ရာသီ သီးနှံများသာ စိုက်ပျိုးကြပြီး ရိတ်သိမ်းထားသော သီးနှံများ၊ တောထွက်နှင့် သစ်တောထွက် ပစ္စည်း ရှာဖွေ ရောင်းချခြင်းတို့ဖြင့် ဝင်ငွေ ရရှိကြပါသည်။ ကျေးရွာတွင် အနွမ်းပါးဆုံးသော အိမ်ထောင်စု အနည်းငယ် လုပ်ကိုင် မှီခိုကြသော လုပ်ငန်းများမှာ တောင်ယာ အငှားလိုက်ခြင်း ဖြစ်ပါသည်။ တစ်နှစ်တာ ဝင်ငွေလုံလောက်မှု မရှိသော အချို့နွမ်းပါးသူ အိမ်ထောင်စုမှာ တောင်ယာ အငှားလိုက်ခြင်းမှ ရရှိသောလုပ်အားခ စုဆောင်းရငွေနှင့် တောင်ယာ အနည်း အကျဉ်းလုပ်၍ ရရှိလာသောစပါးများကို ရောင်းချခြင်း မပြုဘဲ တစ်နှစ်ပတ်လုံး ဝမ်းစာဖူလုံအောင် ချွေတာ စားသုံး ရပါသည်။


အသက်မွေး ဝမ်းကျောင်းနှင့် ပတ်သက်သော ပြဿနာ အခက်အခဲမှာ (ဥပမာ- မုဆိုးမ ဦးဆောင်ရသော အိမ်ထောင်စု၏ အဓိက တောင်ယာ လုပ်ငန်းတွင် အမျိုးသား အင်အားဖြင့် ပြုလုပ်ရသော အရာတွင် ယောကျာ်းသားမရှိခြင်းကြောင့် အခက်အခဲ ရှိပါသည်။) ကျေးရွာတွင်း နေ့စား လုပ်အားခ တစ်ရက်နှုန်းထားမှာ(၅၀၀၀)ကျပ် ဖြစ်ပြီး အလုပ်ကျပ်ချိန် ဖြစ်သည့် ရိတ်သိမ်းချိန်တွင် လုပ်အားခမှာ (၆၀၀၀)ကျပ် အထိ တိုးငှားရမ်း ကြပါသည်။ ထီးသော်တနီးကူး ကျေးရွာတွင် အမျိုးသား၊ အမျိုးသမီး လုပ်အားခမှာ တန်းတူ ရရှိကြပါသည်။ အမျိုးသမီးများ၏ အဓိက အသက်မွေး ဝမ်းကြောင်းလုပ်ငန်းနှင့် ပတ်သက်သော ပြဿနာ၊ အခက်အခဲမှာ တောင်ယာ စိုက်ပျိုးရေး၊ တစ်ပိုင်တစ်နိုင် မွေးမြူရေး နှင့် ယက်ကန်း ယက်လုပ်ခြင်းတို့တွင် နည်းပညာ အားနည်းခြင်း၊အရှက် အကြောက်ကြီးစိုးခြင်း တို့ကြောင့် ဖြစ်ပါသည်။

ထီးသော်တနီးကူး ကျေးရွာ၏ရာသီခွင်ပြ ပြက္ခဒိန် သုံးသပ်ချက်အရ -

(၁) စိုက်ပျိုးရေးလုပ်ငန်းအသင့်အတင့်အောင်မြင်ခြင်း။

(၂) ဂင်ငွေအတင့် အသင့် ရှိခြင်း စသည်တို့ဖြစ်သည်။

(၃) ဥစ္စာဓနကြွယ်ဝမှုအဆင့်သတ်မှတ်ခြင်း



| | | | |
|---|---|---|---|
| ကျေးရွာ။ | ထီးသော်တနီးကူး | ရက်စွဲ။ | ။၁၉.၁၀. ၂၀၁၇ |
| အုပ်စု ။ | ။မြို့မ | ပါဝင်ဆွေးနွေးသူ။ | ။ကျား (၁၃) ဦး<br>မ (၆) ဦး |

## ဥစ္စာဓနအဆင့်သတ်မှတ်မှုသုံးသပ်ချက်

ဥစ္စာဓန အဆင့် သတ်မှတ်မှု ပြဇယား ပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်မှာ ထီးသော်တနီးကူး ကျေးရွာတွင် ရှိသော ချမ်းသာသော အုပ်စု၊ ထိခိုက်လွယ်သော အုပ်စု၏ ပိုင်ဆိုင်မှုများအား သိရှိနားလည်စေရန်နှင့် စီမံကိန်းလုပ်ငန်း ရေးဆွဲရာတွင် လူနည်းစုများ ပါဝင် လာစေရန်နှင့် ၎င်းတို့၏ လိုအပ်ချက်များကို မြင်သာစေရန် ရည်ရွယ်ပါသည်။

ထီးသော်တနီးကူး ကျေးရွာ၏ ဥစ္စာဓန အဆင့် သတ်မှတ်ခြင်း ပြဇယားအရ ထီးသော်တနီးကူး ကျေးရွာတွင် ချမ်းသာ သောအုပ်စု၊ မပြေလည်သော အုပ်စု၊ အသင့်အတင့်ရှိသောအုပ်စု၊ နွမ်းပါးသော အုပ်စု ဟူ၍ (၄)မျိုး ခွဲခြား တွေ့မြင်နိုင်ပါသည်။ ထီးသော်တနီးကူး ကျေးရွာတွင် အိမ်ထောင်စုပေါင်း (၂၉)စု ရှိသည့်အနက် ပြေလည်သော အိမ်ထောင်စုမှာ (၂)စု ရှိပြီး ကျေးရွာလူထု၏ သတ်မှတ်ချက်မှာ လယ်ထွန်စက်၊ ဆိုင်ကယ်၊ ထော်လာဂျီ၊ ကျွဲ နွား အကောင်ရေ (၁၀)ကောင် အထက်ရှိခြင်း၊ တောင်ယာ (၁၀)ဧက အထက်ရှိခြင်း၊ တိုက်အိမ်နှစ်ထပ်ရှိခြင်း တို့ဖြစ်သည်။ အသင့်တင့်သော အုပ်စုမှာ (၇)စု ရှိပြီး ကျေးရွာလူထု၏ သတ်မှတ်ချက်မှာ ၎င်းအိမ်ထောင်စုတွင် ဆိုင်ကယ် ၊ ထော်လာဂျီ၊လက်တွန်းစက်၊ တောင်ယာ မြေဧက (၆) ဧက အောက် ရှိခြင်း၊ကျွဲ အနည်းငယ်၊ နွား(၈) ကောင်အောက်ရှိခြင်း၊ ပျဉ်ထောင်အိမ်၊ သွပ်မိုး၊ နွားလှည်းရှိခြင်း တို့ဖြစ်ပါသည်။ မပြေလည်သော အိမ်ထောင်စု (၁၂)စု ရှိပြီး လက်တွန်းစက်၊ ဆိုင်ကယ်၊ ကျွဲ နွား(၂)ကောင်၊တောင်ယာ အနည်းငယ်၊ ပျဉ်ထောင်သွပ်မိုး၊ နွားလှည်း တို့ဖြစ်သည်။ နွမ်းပါးသည့် မိသားစု (၈)စု ရှိပြီး ကျောင်းနေ ကလေးအရွယ် များပြားခြင်း၊ တောင်ယာခင်း အနည်းငယ် ရှိသော်လည်း အရင်းအနှီးမရှိခြင်း၊ အပိုဝင်ငွေ မရှိခြင်း၊ ဝင်ငွေမှာ တောင်ယာ အငှားလိုက်ခြင်း ပေါ်တွင် မှီခိုနေရခြင်း တို့ကြောင့် ဖြစ်ပါသည်။


ထီးသော်တနီးကူး ကျေးရွာတွင် ဆင်းရဲ နွမ်းပါးသော အိမ်ထောင်စု များကို ကျေးရွာ ဖွံ့ဖြိုးရေးတွင် ပါဝင်လာနိုင်စေရန် အတွက် ၎င်းတို့နှင့် တိုက်ရိုက် အကျိုးခံစားခွင့် ရရှိသော ဖွံ့ဖြိုးရေးလုပ်ငန်းကို ပိုမိုစိတ်ဝင်စား ကြပါသည်။ ဥပမာ- နွမ်းပါးသော အိမ်ထောင်စု အတွက် စိုက်ပျိုးရေးတွင် အရင်းအနှီး စိုက်ထုတ်ပေးခြင်း၊ အသက် မွေးဝမ်းကျောင်း အတွက် တစ်ဖက်တစ်လမ်းမှ အကျိုးဖြစ်စေသော လက်မှုပညာ၊ စိုက်ပျိုးရေး နည်းပညာကို ပိုမို စိတ်ဝင်စားကြပါသည်။

ထီးသော်တနီးကူး ကျေးရွာ၏ ဥစ္စာဓန အဆင့် သတ်မှတ်မှုပြ ဇယား၏ သုံးသပ်ချက်အရ-

(၁) တောင်ယာခင်းများသော်လည်းလုပ်ကိုင်နိုင်ရန် အရင်းအနှီးမစိုက်ထုတ်နိုင်ခြင်း။

(၂) နည်းပညာဆိုင်ရာဗဟုသုတအားနည်းခြင်း။

(၄) ကျား၊မပင့်ကူအိမ်သုံးသပ်ခြင်း



ကျေးရွာ။ ။ထီးသော်တနီးကူး ရက်စွဲ။ ။၁၉.၁၀.၂၀၁၇

အုပ်စု ။ ။မြို့မ ပါဝင်ဆွေးနွေးသူ။ ။ကျား (၁၃)ဦး

မ (၆) ဦး

## ပင့်ကူအိမ်သုံးသပ်ချက်

ပင့်ကူအိမ် သုံးသပ်ခြင်း ပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်မှာ ထီးသော်တနီးကူး ကျေးရွာအတွင်းရှိ အမျိုးသားနှင့် အမျိုးသမီးများ၏ လူမှု့ရေးတွင် ပါဝင်မှု အခန်းကဏ္ဍများအား သိရှိမြင်သာစေရန်နှင့် စွမ်းဆောင်ရည်များအား သိရှိမြင်သာစေရန် ရည်ရွယ်ပါသည်။

ထီးသော်တနီးကူး ကျေးရွာ၏ ကျား၊မ ပင့်ကူအိမ် သုံးသပ်ချက်အရ ကျေးရွာအတွင်းရှိ အမျိုးသားနှင့် အမျိုးသမီးများသည် ကျေးရွာအတွင်းရှိ သာရေး၊ နာရေး စသည့် အဖွဲ့အစည်းများ ပူးပေါင်း ပါဝင်မှု၊အိမ်တွင်းမှု နှင့် အမွေရရှိမှု တို့တွင် အမျိုးသားများနှင့် အမျိုးသမီးများ တန်းတူ ညီမျှမှုများ ရှိနေပါသည်။ ထီးသော်တနီးကူး ကျေးရွာတွင်းရှိ အမျိုးသားများသည် အမျိုးသမီးများထက် ဆုံးဖြတ်ချက်ချနိုင်မှု၊ ခေါင်းဆောင်မှု အရင်းအမြစ်အသုံးချမှု၊ ရိုးရာဓလေ့ အခွင့်အရေးပေးမှုများတွင် အမျိုးသားများက ပိုမို ဦးဆောင်နေခြင်းကို လေ့လာ တွေ့ရှိပါသည်။ ထီးသော်တနီးကူး ကျေးရွာတွင် အမျိုးသမီးလုံခြုံမှု နှင့် ပတ်သက်၍ အမျိုးသားများထက် အားနည်းနေပါသည်။ ရိုးရာဓလေ့ အခွင့်အရေးပေးမှုတွင် ရာနှုန်းပြည့် ဘုန်းကံပိုမြင့်သော အမျိုးသားများသာရိုးရာဓလေ့၏ ပူဇော်ပသမှုများကို ပိုမိုဦးဆောင်ရပါသည်။ ထီးသော်တနီးကူး ကျေးရွာရှိ အမျိုးသမီးများ အဓိက ရင်ဆိုင် နေရသည့် အခက်အခဲ ပြဿနာမှာ ပညာရေး လက်လှမ်းမှီမှုရှိသော်လည်း ရိုးရာ အစဉ်အလာများ စိုးမိုးထားခြင်း၊ အရှက်၊ အကြောက်တရား ကြီးစိုးခြင်း တို့ကြောင့်ဖြစ်ပါသည်။ အမျိုးသမီးများ ဘဝ တိုးတက် မြင့်မား လာစေရန် ရိုးရာဓလေ့နှင့် လျော်ညီသော အယူအဆ (ပြောင်းလဲသင့်သောအရာများ) ပြုပြင်ရန် လိုအပ်နေပါသေးကြောင်း သုံးသပ်ထားပါသည်။

ထီးသော်တနီးကူး ကျေးရွာတွင် အမျိုးသမီးများ စွမ်းဆောင်ရည် ဖွံ့ဖြိုး တိုးတက်လာစေရန် အမျိုးသားများမှ တာဝန် ခွဲဝေယူမှု့၊ အသိပညာပေး ဆွေးနွေးခြင်း၊ အမျိုးသမီးများ၏ ဦးဆောင်မှု့ကို လက်ခံ လေးစားပေးခြင်း၊ လုပ်ပိုင်ခွင့်နှင့် လုပ်အားခ တန်းတူပေးခြင်းဖြင့် ဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် အမျိုးသမီးများအား လက်တွဲခေါ်ရန် လိုအပ်နေပါသေးကြောင့် သုံးသပ် ထားပါသည်။


ခေါသမော ကျေးရွာ၏ ကျား၊မ ပင့်ကူအိမ် သုံးသပ်ချက် အရ -

(၁) အမျိုးသမီးနှင့် အမျိုးသားများ အိမ်တွင်းမှုတွင် အတူတကွ တာဝန်ယူခြင်း။

(၂) အမျိုးသမီးများ ပညာရေး အားကောင်းသော်လည်း ရိုးရာဓလေ့၊ အယူအဆများအား ယခုထိတိုင်အစွဲအလမ်း ရှိနေသေးခြင်း။

(၃) ပူးပေါင်းပါဝင်မှု အားကောင်းသော်လည်း ဦးဆောင် ဆုံးဖြတ်ချက် ချမှတ်ရာတွင် အားနည်းသေးခြင်း။

## (၅) အရင်းအမြစ်သုံးစွဲထိန်းချုပ်မှု့ပြဇယား



ကျေးရွာ - ထီးသော်တနီးကူး

နေ့စွဲ၊ ၁၃.၁၀.၂၀၁၇

အရင်းအမြစ်အသုံးချမှုပြဇယား

| | အရင်းအမြစ်အသုံးချမှု ပုံစံပြဇယား | | အရင်းအမြစ်ထိန်းချုပ်မှု ပုံစံပြဇယား | |
|---|---|---|---|---|
| | ကျား | မ | ကျား | မ |
| ၁။ သဲတောင် | ✓ | ✓ | ✓ | ✓ |
| ၂။ သစ်တော | ✓ | ✓ | ✓ | ✓ |
| ၃။ တောင်ယာ | ✓ | ✓ | ✓ | ✓ |
| ၄။ လယ်ကွင်းတော | ✓ | ✓ | ✓ | - |
| ၅။ ဖောင်းသာချို | ✓ | ✓ | ✓ | - |
| ၆။ ကျောင်း | ✓ | ✓ | ✓ | ✓ |
| ၇။ ဘုရားကျောင်း | ✓ | ✓ | ✓ | ✓ |
| ၈။ ရေကန် | ✓ | ✓ | ✓ | ✓ |
| ၉။ လမ်း | ✓ | ✓ | ✓ | ✓ |
| ၁၀။ တံငွန်ဝိုင် | ✓ | - | ✓ | - |
| ၁၁။ ကရားကွင်း | ✓ | ✓ | ✓ | ✓ |
| ၁၂။ အိမ် | ✓ | ✓ | ✓ | ✓ |
| ၁၃။ ဝေါးကျို | ✓ | ✓ | ✓ | ✓ |
| ၁၄။ ရေထွက်ပေါက် | ✓ | ✓ | ✓ | ✓ |
| ၁၅။ ကျွဲ၊ နွား | ✓ | ✓ | ✓ | ✓ |

ပါဝင်ဆွေးနွေးသူပေါင်း

ကျား - ၁၃ ဦး

မ - ၆ ဦး

| | | | |
|---|---|---|---|
| ကျေးရွာ။ | ထီးသော်တနီးကူး | ရက်စွဲ။ | ။၁၉.၁၀.၂၀၁၇ |
| အုပ်စု ။ | ။မြို့မ | ပါဝင်ဆွေးနွေးသူ။ | ။ကျား (၁၃)ဦး |
| | | | မ (၆) ဦး |

## အရင်းအမြစ်သုံးစွဲထိန်းချုပ်မှု့ပြသုံးသပ်ချက်

အရင်းအမြစ်များ သုံးစွဲ ထိန်းချုပ်မှု့ ပြဇယား ပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်မှာ ထီးသော်တနီးကူး ကျေးရွာတွင် ရှိသော အရင်းအမြစ်များကို အမျိုးသား၊ အမျိုးသမီးများ ပိုင်ဆိုင် ထားရှိနေခြင်းကို သိရှိစေရန်၊ကျေးရွာတွင်း အခက်အခဲများ၊ ဦးစားပေး အဆင့်များ၊ လိုအပ်ချက်များနှင့် ပတ်သက်ပြီး ကွဲပြားခြားနားမှု့များကို သိရှိနားလည်စေရန် ဖြစ်ပါသည်။

ထီးသော်တနီးကူး ကျေးရွာ၏ အရင်းအမြစ်များ သုံးစွဲထိန်းချုပ်မှု့ပြဇယား၏ သုံးသပ်ချက် အရဆို ကျေးရွာတွင်သဘာဝအရင်းအမြစ်နှင့် လူ့အရင်းအမြစ် ဟူ၍ (၂)မျိုး တွေ့ရပြီး အရင်းအမြစ် သုံးစွဲမှု့နှင့် ထိန်းချုပ်ထားရှိမှု့ကို (၃)မျိုး ကွဲခြား တွေ့မြင်နိုင်ပါသည်။သဘာဝ အရင်းအမြစ်များမှာ စိမ့်စမ်းရေ၊သဲတောင်၊ သစ်၊ ဝါး၊ တောင်ယာ၊ ကျောက်တောင်၊ သစ်တော၊ များဖြစ်ပြီး လူ့အရင်းအမြစ်မှာ တံခွန်တိုင်၊ ဘုရားကျောင်း၊ ရေကန်၊ စာသင်ကျောင်း၊ အိမ်၊ လမ်း၊ လက်ယက်ကန်း တို့ဖြစ်သည်။

ထီးသော်တနီးကူးကျေးရွာတွင် အမျိုးသား၊ အမျိုးသမီး နှစ်ဦးလုံး အသုံးပြုနေသော လူ့အရင်းအမြစ်များမှာ အိမ်၊ လမ်း၊ ဆိုင်ကယ်၊ ဘုရားကျောင်း၊ စာသင်ကျောင်း တို့ဖြစ်ပါသည်။ ရွာအနီး ပတ်ဝန်း၊ကျင်ရှိ သဲတောင်မှ သဲများကို ကိုယ်ပိုင် အဆောက်အအုံများဖြစ်စေ၊ စီမံကိန်းနှင့် သက်ဆိုင်သော အခြေခံ အဆောက်အအုံ အတွက်ဖြစ်စေ လိုအပ်သလောက် ထုတ်ယူ သုံးစွဲနိုင်ပါသည်။

အမျိုးသားများသာ အသုံးပြုသော အရင်းအမြစ်မှာ ရိုးရာတံခွန်တိုင်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် မိရိုးဖလား အယူအဆအရ ရိုးရာတံခွန်တိုင်ကို မြင့်မြတ်ပြီး သမာတိ တည်ကြည်သော၊သိက္ခာမ်းနားလည်သော အမျိုးသားများသာ ယဇ်ပူဇော်ပသမှု၊ ဆုတောင်းမှုများ ပြုလုပ်ရခြင်းကြောင့် ဖြစ်သည်။ လက်ယက်ကန်းမှာမူ အမျိုးသမီးများသာ အသုံးပြုပြီး အမျိုးသမီးများသာ ထိန်းချုပ်ထားကြပါသည်။ အဘယ်ကြောင့်ဆိုသော် ၄င်းလက်ယက်ကန်း ယက်လုပ်ခြင်းကို အမျိုးသမီးများကသာ လုပ်ကိုင်ရခြင်းကြောင့် ဖြစ်သည်။ ထီးသော်တနီးကူး ကျေးရွာရှိ အရင်းအမြစ်များကို အမျိုးသား၊ အမျိုးသမီးများ တန်းတူ အသုံးပြု ထိန်းချုပ်ထားသော်လည်း များသောအားဖြင့် အမျိုးသားများသာ ဦးဆောင်ဖြတ် ချက်ချကြပါသည်။ အမျိုးသမီးများသည် ဆွေးနွေး အကြံပေးမှုများဖြင့်သာ ပါဝင် ဆောင်ရွက်နိုင်ပါသည်။

ထီးသော်တနီးကူး ကျေးရွာရှိ အမျိုးသား၊ အမျိုးသမီးများသည် ၎င်းတို့ပိုင်ဆိုင် အသုံးပြုကြသော အရင်းအမြစ်များကို မိမိတို့ ကျေးရွာဖွံ့ဖြိုးရေးတွင် အဆောက်အအကူပြုစေရန်နှင့် ဘေးအန္တရာယ်အမျိုးမျိုးကြောင့် ပျက်စီးဆုံးရှုံးမှု နည်းပါးအောင် စီမံခန့်ခွဲမှု၊ထိန်းချုပ်မှု တို့ကို အတူတကွ ပြုလုပ်ဆောင်ရွက်ကြပ်သည်။


ထီးသော်တနီးကူးကျေးရွာ၏အရင်းအမြစ်များသုံးစွဲထိန်းချုပ်မှု ပြဇယား၏သုံးသပ်ချက်အရ -

(၁) ကျေးရွာတွင်းလူ့အရင်းအမြစ်များ၊သဘာဝအရင်းအမြစ်များကိုကျား၊မတန်းတူ အသုံးပြုကြခြင်း။

(၂) ကျေးရွာတွင်းအရင်းအမြစ်များကိုကျား၊မတန်းတူ ထိန်းချုပ်ထားကြသော်လည်း များသောအားဖြင့် အမျိုးသားများဦးဆောင်ဆုံးဖြတ်ချက်ချခြင်း။

(၃) အချို့သောအရင်းအမြစ်များအပေါ်အမျိုးသမီးများမှအကြံပြုဆွေးနွေးမှုများပေးနိုင်ခြင်း။

## (၆)အဖွဲ့အစည်းချိတ်ဆက်မှုပြမြေပုံ



ကျေးရွာ။ ထီးသော်တတတနီးကူး ရက်စွဲ။ ။၁၉.၁၀. ၂၀၁၇
အုပ်စု ။ ။မြို့မ ပါဝင်ဆွေးနွေးသူ။ ။ကျား (၁၃) ဦး
မ (၆) ဦး

## အဖွဲ့အစည်းချိတ်ဆက်မှုပြမြေပုံသုံးသပ်ချက်

အဖွဲ့အစည်း ချိတ်ဆက်မှုပြမြေပုံ ပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်မှာ ထီးသော်တနီးကူးကျေးရွာ အတွင်းရှိ ကွဲပြားခြားနားသော အုပ်စုများ၊ အဖွဲ့အစည်းများနှင့် ပြင်ပမှ အဖွဲ့အစည်းများ အချင်းချင်း အပြန်အလှန် ချိတ်ဆက် အကျိုးပြုပုံကို သိရှိစေရန် ဖြစ်ပါသည်။

ထီးသော်တနီးကူး ကျေးရွာတွင် ကျေးရွာမှ ဖွဲ့စည်းထားသော အဖွဲ့များ၊ အခြားပြင်ပမှ လာရောက် ဖွဲ့စည်းထားသော ဖွံ့ဖြိုးရေးအဖွဲ့ ဟူ၍ (၂)မျိုး တွေ့နိုင်ပါသည်။ ထီးသော်တနီးကူး ကျေးရွာ အတွင်းတွင် ဖွဲ့စည်းထားသော အဖွဲ့ပေါင်း (၁)ဖွဲ့ရှိပြီး ကျေးရွာ၏ လိုအပ်ချက်များ ဖြစ်သော ကျန်းမာရေး၊ ဘာသာရေး၊ ပညာရေး၊ ကျေးရွာ ပတ်ဝန်းကျင် သန့်ရှင်းရေး၊ ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများအား လုပ်ဆောင်နိုင်ရန်အတွက် လာရောက် ချိတ်ဆက်သော အဖွဲ့အစည်းပေါင်း ()ဖွဲ့ ရှိပြီး အုပ်ချုပ်ရေးဆိုင်ရာ လုပ်ငန်းများ၊ ကျေးရွာ ဖွံ့ဖြိုး တိုးတက်ရေး ဆိုင်ရာ လုပ်ငန်းများ၊ အခြား ပညာပေးရေးလုပ်ငန်းများ၊ ကျန်းမာရေးဆိုင်ရာများ အတွက် ပြင်ပ အဖွဲ့အစည်းများနှင့် ဆက်သွယ် ဆောင်ရွက်ကြပါသည်။

ထီးသော်တနီးကူး ကျေးရွာတွင် ကျေးရွာ အုပ်ချုပ်ရေးမှူးအဖွဲ့၊ ကျောင်းကော်မတီ၊ မိခင်ကော်မတီ၊ ရေကော်မတီ၊ CDDကော်မတီ၊ မူကြိုကော်မတီ၊အစုအဖွဲ့ပိုင် သစ်တောကော်မတီ၊ ငွေစုငွေချေးကော်မတီ၊ ကေ့ထိုးဘိုးရိုးရာထိန်းသိမ်းရေးကော်မတီ စသည့် အဖွဲ့အစည်းများမှာ ကျေးရွာဖွံ့ဖြိုးရေးနှင့် ဆက်စပ်သော အရာများတွက် အဓိက ဦးဆောင် ပါဝင်ကြပါသည်။ ဘာသာရေးခေါင်းဆောင်များအဖွဲ့၊ မယ်တော်သမီးအသင်း၊ လူငယ်အဖွဲ့တို့မှာ ဘာသာရေး အဖွဲ့အစည်းများဖြစ်ပြီး ကျေးရွာ၏ သာရေး၊ နာရေး၊ ဘာသာရေးတို့တွင် အဓိက ပါဂင်သည်။ ကျေးရွာ အုပ်ချုပ်ရေးမှူးသည် ကျေးရွာ၏ လိုအပ်ချက်အရ ကျေးလက်ဦးစီးဌာနရုံး၊ မြို့နယ် အုပ်ချုပ်ရေးမှုးရုံး၊ အုပ်စု အုပ်ချုပ်ရေးမှူး၊ မြို့နယ် မြေစာရင်း ရုံးတို့နှင့် ချိတ်ဆက်ကာ ကျေးရွာဖွံ့ဖြိုးရေးကို လုပ်ဆောင်ပေးပါသည်။ ကျေးရွာ တွင်းလမ်းများ၊ ရေရရှိရေး၊ မီးလင်းရေး၊ အဆောက်အဦး တိုးချဲ့ရေးများ ရှိပါက လူထု ဗဟိုပြုစီမံကိန်းရုံးနှင့် ချိတ်ဆက်ကာ လုပ်ဆောင်ကြပါသည်။ ကျန်းမာရေးနှင့် ပတ်သက်ပြီး ငှက်ဖျားတိုက်ဖျက်ရေးအဖွဲ့နှင့်မြို့နယ် ကျန်းမာရေးဌာန အသီးသီးတို့နှင့် ချိတ်ဆက် ဆောင်ရွက် ထားရှိကြပါသည်။

ထီးသော်တနီးကူး ကျေးရွာ၏အဖွဲ့အစည်းချိတ်ဆက်မှုပြမြေပုံသုံးသပ်ချက်အရ -

(၁) ကျေးရွာတွင် ဖွဲ့စည်းထားသော ကော်မတီအဖွဲ့များမှာ ကျေးရွာရှိ သက်ကြီးရွယ်အိုများ၊ ထိခိုက်လွယ်အုပ်စုများ ပါဝင်သည့် ကော်မတီဝင် အဖွဲ့များဖြင့် ဖွဲ့စည်းထားခြင်း။

(၂) ကျေး ရွာတွင်း အဖွဲ့အစည်းများနှင့် ပြင်ပမှ ဖွံ့ဖြိုးရေး လုပ်ဆောင်သည့် အဖွဲ့အစည်းများ ကောင်းမွန်စွာ ချိတ်ဆက်ထားရှိခြင်း။

(၃) ကျေးရွာတွင်း ဖွဲ့စည်းထားသော အဖွဲ့ အသီးသီးမှ ကော်မတီဝင်များသည် ကဏ္ဍ အလိုက် ပါဝင် လုပ်ဆောင်နေခြင်း။

## ၇။ကော်မတီဝင်များ ရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ် ဆောင်ရွက်မှု မှတ်တမ်း ဓါတ်ပုံများ၊ ကျေးရွာ အစည်းအဝေးနှင့် PRATools များကို အသုံးပြု၍ အခြေခံအချက်အလက်ကောက်ခံခြင်း






လူထုဗဟိုပြုစီမံကိန်း

ထီးသော်တနီးကူးကျေးရွာ22

## ထီးသော်တနီးကူးကျေးရွာ၏စီမံကိန်းအထောက်အကူပြုကျေးရွာကော်မတီဝင်များစာရင်း

| စဉ် | အမည် | ကျား/မ | | ရာထူး/ တာဝန် |
|---|---|---|---|---|
| ၁ | ဦးလှချေး | ကျား | | ကျေးရွာစီ/ထောက်ဥက္ကဌ |
| ၂ | ဒေါ်မာရိယာမှုနန်း | | မ | ကျေးရွာစီ/ထောက်ဥက္ကဌ |
| ၃ | ဦးသေ့ရယ် | ကျား | | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ |
| ၄ | ဒေါ်ရှားမာ | | မ | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ |
| ၅ | ဒေါ်ဘားမို | | မ | ဝယ်ယူရေးဆပ်ကော်မတီ |
| ၆ | ဦးမီရယ် (ဘို) | ကျား | | ဝယ်ယူရေးဆပ်ကော်မတီ |
| ၇ | ဦးမီရယ် (ကို့လို) | ကျား | | ဝယ်ယူရေးဆပ်ကော်မတီ |
| ၈ | ဒေါ်ရှားမာ | | မ | ဝေဖန်အကြံပြုတိုင်ကြားဖြေရှင်းရေးကော်မတီ |
| ၉ | ဦးထျားအီ | ကျား | | ဝေဖန်အကြံပြုတိုင်ကြားဖြေရှင်းရေးကော်မတီ |
| ၁၀ | ဦးနားရယ် | ကျား | | လည်ပတ်ထိန်းသိမ်းရေးဆပ်ကော်မတီ |
| ၁၁ | **ဦးပလျားရယ်** | **ကျား** | | **လည်ပတ်ထိန်းသိမ်းရေးဆပ်ကော်မတီ** |
| ၁၂ | ဒေါ်မိုထွန်း | | မ | လည်ပတ်ထိန်းသိမ်းရေးဆပ်ကော်မတီ |
| ၁၃ | ဦးဒယ်ရယ် | ကျား | | ကျေးရွာစာရင်းကိုင် |
| ၁၄ | **ဦးဘားရယ်** | **ကျား** | | **စေတနာ့ဝန်ထမ်း** |
| ၁၅ | ဒေါ်ပလျားမာ | | မ | **စေတနာ့ဝန်ထမ်း** |

၈။ကျေးရွာအချက်အလက်( ပုံစံ-၁ )



လူထုဗဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃) - ၂၉.၁၀.၂၀၁၈

ပုံစံ - ၈ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

လမ်းညွှန်ချက်။ ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာ ခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်း မိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက် များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှ တဆင့် ဖြည့်သွင်းရမည်။

| ကျေးရွာအုပ်ချုပ်ရေးမှူး အမည် [illegible] | ကျေးရွာအုပ်ချုပ်ရေးမှူး၏ ဖုန်းနံပါတ် - | လူထုစည်းရုံးရေးမှူး၏ အမည် ဒေါ်အယ်လီဇဘက် |
|---|---|---|
| ပြည်နယ်၊တိုင်းဒေသကြီး ကယား / မြို့နယ် ဖရူဆို | ကျေးရွာအုပ်စု မြို့မ | ကျေးရွာ ထီးသော်တနီးကူး |

က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ကယား | ၂၈ | ဘာသာ (၁) ခရစ်ယာန် (RC) | ၂၈ |
| လူမျိုးစု (၂) ------------ | | ဘာသာ (၂) ------------ | |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| လူမျိုးစု (၄) ------------ | | | |
| လူမျိုးစုရော ကယန်း+ကယား | ၁ | ဘာသာရော ------------ | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | မ - ၂ ဦး | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ကျား - ၃<br>မ - ၄ | | |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | ၅၇ | ၆၁ |
| လူမျိုးစု (၁) ကယား | ၅၅ | ၅၈ |
| လူမျိုးစု (၂) ကယန်း+ကယား | ၂ | ၃ |
| လူမျိုးစု (၃) ------------ | | |
| လူမျိုးစု (၄) ------------ | | |
| လူမျိုးစု (၅) ------------ | | |
| အိမ်ထောင်ဦးစီး | ၂၈ | ၆ |

လူထုဗဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃) - ၂၉.၁၀.၂၀၁၈

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | | အမှတ်ခြစ်ပါ | ကျန်းမာရေး | | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|---|---|---|
| | အထက်တန်းကျောင်း | ☐ | | ဆေးရုံ | ☐ | | စေတီ | ☐ |
| | အလယ်တန်းကျောင်း | ☐ | | ကျန်းမာရေးဌာန | ☐ | | ဘုန်းကြီးကျောင်း | ☐ |
| | မူလတန်းကျောင်း | ☑ | | ကျန်းမာရေးဌာနခွဲ | ☐ | | ဟိန္ဒူဘုရားကျောင်း | ☐ |
| | မူကြိုကျောင်း | ☑ | | ဆေးပေးခန်း | ☐ | | ခရစ်ယာန်ကျောင်း | ☑ |
| | အခြား | ☐ | | အခြား | ☐ | | ဗလီ | ☐ |
| | | | | | | | အခြား | ☐ |
| မှတ်ချက် | | | | မှတ်ချက် | | | မှတ်ချက် | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | (၂) ကျန်းမာရေး | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | (၃) လက်မှုပညာရှင် | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
|---|---|---|---|---|---|---|---|---|
| မူလတန်းပြဆရာ/မ | ☐ | ☑ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☐ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☑ | ☐ |
| အလယ်တန်းပြဆရာ/မ | ☐ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☐ | ☐ |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☐ | ☐ | ရေပိုက်သွယ်သူ | ☑ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☐ | ☐ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၄င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း | ကတ္တရာလမ်း | ကွန်ကရစ်လမ်း | မော်တော်ဆိုင်ကယ်လမ်း |
| (ကျောက်ခင်းလမ်း) | မြေသားလမ်း | လူသွားလမ်း | အခြား ______ |

**(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက်** — ဝိုင်းပါ

**(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှု စီမံချက်ရှိခဲ့ပါသလား?** — ✓ ရှိပါသည်/မရှိပါ/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? — နှစ် 2009 ACF /မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? — ✓ ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

**(စ) ခရီးအကွာအဝေး**

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? — မိုင် ၂ မိုင်၊ ၁ ဖာလုံ /မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန် ၂၀ မိနစ် ✓ ထော်လာဂျီ/ ✓ မော်တော်ဆိုင်ကယ်/ခြေလျင်/လှည်း/မော်တော်ဘုတ်/

အခြား ------------------

မိုးရာသီတွင်ကြာချိန် ၃၀ မိနစ် ✓ ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ ✓ ခြေလျင်/လှည်း/မော်တော်ဘုတ်/

အခြား ------------------

**(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်**

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☐ မရှိပါ ☑ ရှိပါသည် ရှိလျှင်ဖော်ပြပါ [illegible]

**(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ**

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) [illegible]

(၂) [illegible]

ကျေးရွာခေါင်းဆောင် — အမည် [illegible]

လက်မှတ် [signature] နေ့စွဲ 19.10.2017

လူထုစည်းရုံးရေးမှူး — အမည် [illegible]

လက်မှတ် [signature] နေ့စွဲ 19.10.2017

လူထုဗဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃) - ၂၉.၁၀.၂၀၁၇

## ပုံစံ - စ - ၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

| | | | | | | | |
|---|---|---|---|---|---|---|---|
| ရည်ရွယ်ချက်၊ သက်ဆိုင်ရာလူထုရည်ရွယ်နှံရေးမှူး/ လက်ထောက်နည်းပညာနည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်၊ | | | | | | | |
| ရည်နှုံးရေးမှူး/ဝန်ထမ်း အမည် ဒေါ်အယ်လီဇဘက် | | | | | | | |
| နေ့စွဲ 20.10.2017 | | | | စက်ဝန်းအားအမှတ်ခြစ်ပါ ☐ စက်ဝန်း(၁) ☐ စက်ဝန်း(၂) ☑ စက်ဝန်း(၃) ☐ စက်ဝန်း (၄) | | | |
| ပြည်နယ်/တိုင်း ကယား | မြို့နယ် ဖရူဆို | | | ကျေးရွာအုပ်စု ဖြူမ | | ကျေးရွာ ထီးသော်တနီးကူး | |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | |
|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသား အရေအတွက် | အမျိုးသမီး အရေအတွက် | အိမ်ထောင်စု အရေအတွက် | လူမျိုးစုတက်ရောက်သူ အရေအတွက် နှင့် လူမျိုးစုအမည် |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | 19.10.17 | 19.10.17 | 13 | 6 | 19 | 17 ကယား၊ 1 ကယန်း၊ 1 ကယော |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | 20.10.17 | 20.10.17 | 13 | 6 | 19 | 17 ကယား၊ 1 ကယန်း၊ 1 ကယော |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | 30.10.17 | 30.10.17 | 3 | 4 | 7 | 5 ကယား၊ 1 ကယော၊ 1 ကရင် |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | | | မလို | မလို | မလို | မလို |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေး ကော်မီတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | 18.12.17 | 18.12.17 | 10 | 7 | 17 | 16 ကယား၊ 1 ကယန်း |

## ပုံစံ - ၈ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| | | | |
|---|---|---|---|
| လမ်းညွှန်ချက်။ အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။ | | | |
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဒေါ်ဘယ် ဒိတဘက် | | | |
| ရက်စွဲ 20.10.2017 | စက်ဝန်းအား အမှတ်ခြစ်ပါ (√) □စက်ဝန်း(၁) □စက်ဝန်း(၂) ☑စက်ဝန်း(၃) □စက်ဝန်း(၄) | | |
| ပြည်နယ်/ခရိုင်။ ကသာ | မြို့နယ် ဗန်းမောက် | ကျေးရွာအုပ်စု မြို့မ | ကျေးရွာ ထီးသော်တနီးကူး |

**က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း** - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|---|---|
| ၁ | ငွေကြေးခက်ခဲ | ၁ | |
| ၂ | | ၂ | |
| ၃ | | ၃ | |
| ၄ | | ၄ | |
| ၅ | | ၅ | |

**ခ။ မျှော်မှန်းခြင်း** - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | |
|---|---|---|---|
| ၁ | အဆင့်မီသော မူလတန်းကျောင်းဖြစ်ရန် | ၁ | မူကြိုကျောင်း ရရှိရန် |
| ၂ | ဝင်ငွေတိုးရေး မြေလည်းကြီး ကလေးပညာတတ်ရန် | ၂ | အခြေခံ အဆော ပြည့်စုံသည့် ကျေးရွာဖြစ်ရန် |
| ၃ | အခြေခံ အဆော ပြည့်စုံသည့် ကျေးရွာဖြစ်ရန် | ၃ | ကျန်းမာရေး လက်လှမ်းမီရန် |
| ၄ | စက်မှုလက်မှု ခေတ်မီ နည်းပညာရရှိရန် | ၄ | ကတ္တရာလမ်း ဖြစ်လာရန် |
| ၅ | ကျန်းမာရေး လက်လှမ်းမီရန် | ၅ | စိုက်ပျိုးရေး နည်းပညာ လိုအပ်ဖြစ်ပေး |

၆။ [illegible] မြေသားလမ်း ကောင်းမွန်ရန်
၇။ ကတ္တရာလမ်း ဖြစ်လာရန်
၆။ တောင်ယာသွားလမ်း ကောင်းမွန်ရန်

**ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၃) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။**

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| ၁ | တောင်ယာမြေသားလမ်း | ကျ + မ | 5,000,000 | 118 အိမ် |
| ၂ | မူကြိုကျောင်း | မ | 5,200,000 | 118 အိမ် |
| ၃ | ခုံးမဆောင် | ကျ + မ | 10,500,000 | 118 အိမ် |
| ၄ | ကျေးရွာချင်းဆက်လမ်း ကျောက်ချောလမ်း | ကျ + မ | 14,000,000 | 118 အိမ် |
| ၅ | | | | |

လူထုဖဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃) - ၂၉.၁၀.၂၀၁၈

ဃ။ လူထုစီမံကိန်း၏ လာမည့် (၃) နှစ်အတွက်အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုး တိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | | | |
| ၂ | | | |
| ၃ | | | |
| ၄ | | | |
| ၅ | | | |
| ၆ | | | |
| ၇ | | | |
| ၈ | | | |
| ၉ | | | |
| ၁၀ | | | |
| ၁၁ | | | |
| ၁၂ | | | |

ဥက္ကဋ္ဌ ၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် ဒေါ်ဇာရီယာ လက်မှတ် [illegible] နေ့စွဲ ၂၄.၁၀.၂၀၁၇

| အမျိုးသားမှ တင်ပြသော အခက်အခဲ အတားအဆီး | အမျိုးသမီးမှ တင်ပြသော အခက်အခဲ အတားအဆီး |
|---|---|
| ၁။ ကျောင်းသားဦးရေ တိုးလာသဖြင့် စာသင်ကျောင်း နေရာထိုင်ခင်း မလုံလောက်ခြင်း။ | ၁။ (၅)နှစ်အောက်ကလေးငယ်များ အတွက် မူကြိုကျောင်း လိုအပ်ခြင်း။ |
| ၂။ မိဘအများစု စားဝတ်နေရေးကို ဦးစားပေး လုပ်ဆောင်ကြသဖြင့် ကလေးများ၏ ပညာရေးကို အားပေးမှု အားနည်းခြင်း | ၂။ ကျေးရွာအစည်းအဝေးများပြုလုပ်ရန် နေရာထိုင်ခင်း မရှိခြင်း။ |
| ၃။ ကျေးရွာအတွင်း အစည်းအဝေးများ ပြုလုပ်ရန် နေရာ အခက်အခဲဖြစ်ခြင်း | ၃။ ကိုယ်ဝန်ဆောင်မိခင်များ (အရေးပေါ်) အတွက် ဆေးခန်း မရှိခြင်းကြောင့် ကျန်းမာရေးဆေးကုသမှုခံယူနိုင်ရန် ခက်ခဲခြင်း |
| ၄။ စိုက်ပျိုးလုပ်ငန်းမှ ရရှိသော ရေတင်စက် (pump) ပြုပြင်ရန် နည်းပညာ လိုအပ်ခြင်း | ၄။ ရွာချင်းဆက်လမ်းမှာ မိုးရာသီတွင် လမ်းချော်သဖြင့် သွားလာရန် ခက်ခဲခြင်း။ |
| ၅။ အရေးပေါ်ကျန်းမာရေး ကုသမှုခံယူနိုင်ရန် ကျန်းမာရေး လက်လှမ်းမမှီခြင်း | ၅။ တောင်ယာလုပ်ငန်းတွင် သီးနှံများ ပိုမိုအထွက်တိုးရန် စိုက်ပျိုးရေးနည်းပညာ လိုအပ်ခြင်း။ |
| ၆။ နေ့စဉ်အသုံးပြုနေသော တောင်ယာသွားလမ်းမှာ မြေမညီညာမှု၊ လမ်းကျဉ်းမှုတို့ကြောင့် သွားလာရ အခက်အခဲဖြစ်ခြင်း | ၆။ တောင်ယာသွားလမ်း ကျဉ်းသဖြင့် သွားလာရ ခက်ခဲခြင်း |
| ၇။ မြို့ဆီသို့သွားသော လမ်းမညီညာမှုကြောင့် အရေးပေါ်လူနာ အတွက်နှင့် အိမ်သုံးပရိဘောဂများ ဝယ်ယူရာတွင် အခက်အခဲဖြစ်ခြင်း။ | |

နောက်ဆက်တွဲ(၄) ခြားနားသောအပိုင်းများအတွက် ဦးစားပေးပွဲ ဖြိုးရေးလုပ်ငန်းစဉ် — ထီးသော်တနီး ကူး


အနှစ်ချုပ်

မှရင်းသည်အား VPSC တွင်ထားရှိရပါမည်။အခြားဌာနများနှင့် ညှိနိုင်းရန်အတွက် မိတ္တူအား TPIC သို့ပို့ရပါမည်။MIS data အနေဖြင့် သွင်းရန် မလိုအပ်ပါ။

| | အဆင့် | လုပ်ငန်း | မည်သူဦးစားပေးလဲ | ကျေးရွာမှတာဝန်ခံသူ (သို့) အုပ်စု | ပြင်ပမှမည်သူ ထောက်ပံ့ မလဲ |
|---|---|---|---|---|---|
| အခြေခံအဆောက်အဦ | ၁ | [illegible] | ☑ မ ☑ ကျား | | |
| | ၂ | | ☐ မ ☐ ကျား | | |
| | ၃ | | ☐ မ ☐ ကျား | | |
| | ၄ | | ☐ မ ☐ ကျား | | |
| | ၅ | | ☐ မ ☐ ကျား | | |
| အသက်မွေးဝမ်းကျောင်းမှု/ စိုက်ပျိုးရေး | ၁ | စိုက်ပျိုးရေး နည်း ပညာ | ☑ မ ☐ ကျား | | |
| | ၂ | စက်၊ (Pump) [illegible] နည်း၊ပညာ | ☐ မ ☑ ကျား | | |
| | ၃ | | ☐ မ ☐ ကျား | | |
| | ၄ | | ☐ မ ☐ ကျား | | |
| | ၅ | | ☐ မ ☐ ကျား | | |
| ကျန်းမာရေးနှင့် အာဟာရ | ၁ | ကျန်းမာရေး [illegible] | ☑ မ ☑ ကျား | | |
| | ၂ | | ☐ မ ☐ ကျား | | |
| | ၃ | | ☐ မ ☐ ကျား | | |
| | ၄ | | ☐ မ ☐ ကျား | | |
| | ၅ | | ☐ မ ☐ ကျား | | |
| ပညာရေး | ၁ | မူကြိုကျောင်း | ☑ မ ☐ ကျား | | |
| | ၂ | မူလတန်းကျောင်း ([illegible]) | ☐ မ ☑ ကျား | | |
| | ၃ | | ☐ မ ☐ ကျား | | |

လူထုဖဟိုပြုစီမံကိန်း

ထီးသော်တနီးကူးကျေးရွာ31



| | | | | | |
|---|---|---|---|---|---|
| | ၄ | | ☐မ ☐ကျား | | |
| | ၅ | | ☐မ ☐ကျား | | |
| မြို့ | ၁ | ဖရုံခရီးသို့သွားလမ်း | ☑မ ☑ကျား | | |
| | ၂ | ရွာတွင်းလမ်း | ☑မ ☑ကျား | | |
| | ၃ | တောင်ယာမြေသွားလမ်း | ☑မ ☑ကျား | | |
| | ၄ | | ☐မ ☐ကျား | | |
| | ၅ | | ☐မ ☐ကျား | | |

လူထုဗဟိုပြုစီမံကိန်း

ထီးသော်တနီးကူးကျေးရွာ32